ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# တတိယတန်း
# မြန်မာဖတ်စာ




၂၀၁၉-၂၀၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# တတိယတန်း
# မြန်မာဖတ်စာ

၂၀၁၉–၂၀၂၀

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန၏ အခြေခံပညာမူလတန်းသင်ရိုးညွှန်းတမ်းအသစ်များ ရေးဆွဲပြုစုအကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းတွင် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က နည်းပညာပံ့ပိုးကူညီမှုပေးပါသည်။

# မာတိကာ


| အခန်း | သင်ခန်းစာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပျော်ပျော်ရွှင်ရွှင် စာသင်မယ် | ၁ |
| ၂ | ဖတ်စာကလေးတွေသင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ် | ၁၀ |
| ၃ | ဗဟုသုတသိမှတ်ဖွယ် စကားပုံ ပုံပြင်သင်ကြမယ် | ၂၃ |
| ၄ | စာဖတ်ခန်းကို သွားကာရယ် ဗဟုသုတရှာကြမယ် | ၃၅ |
| ၅ | ပုံပြင်ကလေးတွေ သင်ကာရယ် တိရစ္ဆာန်ရုံလဲ သွားကြမယ် | ၄၇ |
| ၆ | ပေးစာ စကားထာ သင်ကာရယ် ကိုယ်တိုင်ပုံပြင်ပြောကြမယ် | ၆၀ |
| ၇ | ဇာတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ် | ၇၀ |

# အခန်း ၁ ပျော်ပျော်ရွှင်ရွှင် စာသင်မယ်

## (က) ကိုယ့်အမည်ရေးကာ မိတ်ဆက်ပါ




အမည် ______________________________

အတန်း ______________________________

ကျောင်း ______________________________

ဝါသနာ ______________________________

နေရပ်လိပ်စာ ______________________________

______________________________

# (ခ) နိုင်ငံတော်အလံကို အလေးပြုကြပါစို့







နိုင်ငံတော်အလံကို
ဘယ်လို အလေးပြုကြရမလဲ

နိုင်ငံတော်သီချင်း ဆိုကြရအောင်

# (၈) နိုင်ငံတော်အလံ



## နိုင်ငံတော်အလံ

ကျောင်းဖွင့်သည့်နေ့တိုင်း ကျောင်းရှေ့ရှိ အလံတိုင်တွင် နိုင်ငံတော်အလံကို လွှင့်ထူထားပါသည်။ ကျောင်းတက်ခေါင်းလောင်းထိုးသောအခါ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများသည် အလံတိုင်ရှေ့တွင် အတန်းလိုက် သို့မဟုတ် အသင်းလိုက် တန်းစီကာ ငြိမ်သက်စွာ ရပ်ကြပါသည်။ ထို့နောက် နိုင်ငံတော်အလံကို အလေးပြုရန် ဆရာကြီးက အမိန့်ပေးလိုက်သောအခါ အားလုံးက ဦးညွတ်၍ ရိုသေစွာ အလေးပြုကြပါသည်။

နိုင်ငံတော်အလံတွင် အဝါရောင်၊ အစိမ်းရောင်နှင့် အနီရောင်အောက်ခံပေါ်တွင် ရောင်ခြည်လက်တံငါးခုပါသော ကြယ်ဖြူကြီးတစ်လုံးပါရှိပါသည်။ နိုင်ငံတော်အလံတွင် အဝါရောင်၊ အစိမ်းရောင်နှင့် အနီရောင်တို့ အောက်ခံအဖြစ် ပါရှိခြင်းမှာ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကာလက ထည်ဝါစွာ အသုံးပြုခဲ့သော သုံးရောင်ခြယ်အလံကို အလေးအမြတ်ပြု ဖော်ညွှန်းခြင်း ဖြစ်သည်။

အဝါရောင်သည် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဉာဏ်ပညာကြီးမားခြင်း၊ ပျော်ရွှင်ခြင်းနှင့် တိုင်းရင်းသားအားလုံး ချစ်ခင်ရင်းနှီးစွာ စည်းလုံးညီညွတ်မှုရှိခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

အစိမ်းရောင်သည် မြေဆီသြဇာကြွယ်ဝခြင်း၊ ညီညွတ်မျှတခြင်းနှင့် အေးချမ်းသာယာ၍ စိမ်းလန်းစိုပြည်သည့်နိုင်ငံဖြစ်ခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

အနီရောင်သည် ရဲရင့်ခြင်းနှင့်ပြတ်သားခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

ကြယ်၏အရောင်ဖြစ်သော အဖြူရောင်သည် သန့်ရှင်းစင်ကြယ်ခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်း၊ ကရုဏာတရားပြည့်ဝခြင်း၊ စွမ်းအင်နှင့် ပြည့်စုံခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

နိုင်ငံတော်အလံကို အတင်အချပြုရာတွင်လည်းကောင်း၊ အသုံးပြုရာတွင်လည်းကောင်း ရိုသေစွာ ကိုင်တွယ်အသုံးပြုရပါမည်။

နိုင်ငံသားတိုင်းသည် လွတ်လပ်ရေးကို ထိန်းသိမ်းရန်နှင့် နိုင်ငံတော်ကို သစ္စာရှိရန် အမြဲသတိရလျက် နိုင်ငံတော်အလံကို အလေးပြုကြပါသည်။



## လေ့ကျင့်ခန်း

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

ဦးညွှတ်၊ ထည်ဝါ၊ အဓိပ္ပာယ်၊ ဉာဏ်ပညာ၊ မြေဆီသြဇာ

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

အစိမ်းရောင်၊ အသုံးပြု၊ ခေါင်းလောင်း၊ သန့်ရှင်း၊ သာယာ၊ အလေးပြု၊ တန်းစီ

**သာဓက**

အစိမ်းရောင် ။ ။ ကျွန်တော်သည် <u>အစိမ်းရောင်</u> ဝတ်စုံကို အလွန်နှစ်သက်ပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ နိုင်ငံတော်အလံတွင် ပါဝင်သော အရောင်များကို ဖော်ပြပါ။

၂။ နိုင်ငံတော်အလံ၏ အဝါရောင်သည် မည်သည့်အဓိပ္ပာယ်ကို ဖော်ညွှန်းသနည်း။

၃။ နိုင်ငံတော်အလံ၏ အစိမ်းရောင်သည် မည်သည့်အဓိပ္ပာယ်ကို ဖော်ညွှန်းသနည်း။

၄။ နိုင်ငံတော်အလံ၏ အနီရောင်သည် မည်သည့်အဓိပ္ပာယ်ကို ဖော်ညွှန်းသနည်း။

၅။ နိုင်ငံတော်အလံရှိ ကြယ်၏ အဖြူရောင်သည် မည်သည့်အဓိပ္ပာယ်ကို ဖော်ညွှန်းသနည်း။

၆။ နိုင်ငံတော်အလံကို မည်သို့အလေးပြုရမည်နည်း။

၇။ သင်တို့သည် နိုင်ငံတော်အလံကို အဘယ်ကြောင့် အလေးပြုကြသနည်း။

## (ဃ) တို့မေမေ (ကဗျာ)







### တို့မေမေ

ကျွေးမွေးသုတ်သင်၊ သက်ဆုံးပင်
ချစ်ခင်ရှာပေ၊ တို့မေမေ။

ငယ်စဉ်ကာလ၊ စည်းကမ်းပြ
ဆုံးမခဲ့ပေ၊ တို့မေမေ။

အရွယ်ရောက်လာ၊ ကျောင်းအပ်ကာ
ပညာပေးပေ၊ တို့မေမေ။

ကျန်းမာဖို့ရေး၊ သင့်ရာကျွေး
လေးစားအပ်ပေ၊ တို့မေမေ။

ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်
ချစ်ခင်အပ်ပေ၊ တို့မေမေ။

**အမည်မသိစာဆို**





# (င) အ တယ်ဆိုတာ (ရိုးရာပုံပြင်)



တစ်ခါတုန်းက ရွာတစ်ရွာမှာ ဈေးသည်အမေကြီးတစ်ယောက်ရှိတယ်။ သူ့မှာ သမီးပျို နှစ်ယောက်ရှိသတဲ့။ အဲဒီသမီးနှစ်ယောက်မှာ သမီးအငယ်က လည်လည်ဝယ်ဝယ်ရှိတဲ့အပြင် လူမှုရေးကိစ္စတွေမှာလဲ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်တတ်သတဲ့။



သမီးအကြီးကတော့ အလဲအ၊ နလဲန၊ လူမှုရေးလဲ ဘာမျှ နားမလည်ဘူးတဲ့။ ဈေးရောင်းတဲ့အလုပ်ကိုတော့ သူနားလည်သလောက်သာ ရောင်းပေးတယ်။ ရပ်ရွာထဲကို သွားမယ်ဆိုရင်လဲ သူတစ်ယောက်တည်း မသွားတတ်ဘူး။ ညီမငယ်ကို အမြဲတမ်း ခေါ်သွားလေ့ရှိတယ်။ ပြီးတော့ ညီမပြောစကားမှန်သမျှ ယုံလွယ်ပြီး ခိုင်းသမျှကိုလဲ အကုန်လုပ်ပေးသတဲ့။



တစ်နေ့မှာတော့ အမေကြီးက သမီးအကြီး ရိုးအ လွန်းတာကိုသိတော့ ကရုဏာဒေါသနဲ့ "အကြီးမ နင် ဒီလောက် အ နေရင် ငါမရှိတဲ့အခါ နင့်ညီမက နင့်ကို တစ်နေ့ ရောင်းစားသွားလိမ့်မယ် သိလား"လို့ ပြောလိုက်တဲ့အခါ သမီးအကြီးက "အို့..အမေကလဲ သူက ရောင်းစားရအောင် ဘယ်သူက ချိန်ခွင်ပေါ်တက်မှာတုံး"လို့ ပြန်ပြောလိုက်သတဲ့ကွယ်။

**ငွေတာရီမဂ္ဂဇင်း လက်ရွေးစင်**
**မြန်မာ့ရိုးရာဟာသပုံပြင်စာအုပ်ကို မှီငြမ်းပါသည်။**

## လေ့ကျင့်ခန်း

(၁) သမီးနှစ်ယောက်က ဘယ်လိုကွာခြားသလဲ။
(၂) သမီးအကြီးနဲ့ အငယ်မှာ ဘယ်သူ့ကို သဘောကျသလဲ။ ဘာကြောင့်လဲ။
(၃) အမေက သမီးအကြီးကို ဘယ်လိုပြောသလဲ။ ဘာဖြစ်လို့ ပြောရတာလဲ။
(၄) အမေပြောတာကို သမီးအကြီးက နားလည်သလား။
(၅) အ တယ်ဆိုတာ ကောင်းသလား။ ကလေးတို့ရော ဘယ်လို ထင်သလဲ။

ပုံပြင်အကြောင်းကို အချင်းချင်း ပြော ကြည့်ကြရအောင်



# အခန်း ၂ ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်

## (က) တို့ဖေဖေ (ကဗျာ)



**တို့ဖေဖေ**

စားဝတ်နေရေး၊ ငွေရှာပေး
ကျေးဇူးကြီးပေ၊ တို့ဖေဖေ။

ကိစ္စများဖြင်၊ ပေါ်ပေါက်လျှင်
စီရင်တတ်ပေ၊ တို့ဖေဖေ။

အိမ်ထောင်အရေး၊ စီမံပေး
လေးစားလောက်ပေ၊ တို့ဖေဖေ။

စဉ်းစားမြော်မြင်၊ ဉာဏ်နှင့်ယှဉ်
ပဲ့ပြင်တတ်ပေ၊ တို့ဖေဖေ။

နိုင်ငံ့အကျိုး၊ တို့အကျိုး
သယ်ပိုးနိုင်ပေ၊ တို့ဖေဖေ။

**အမည်မသိစာဆို**



# (ခ) ကြောင်ကလေးရွှေဝါ

တစ်ခါတုန်းက ရွှေဝါဆိုတဲ့ ကြောင်ကလေးတစ်ကောင် ရှိသတဲ့။ ရွှေဝါကလေးက လိမ္မာတဲ့အတွက် သူ့သခင်က သူ့ကို အလွန်ချစ်တယ်တဲ့။ ရွှေဝါက သူ့သခင်ကို




ဆိုပြီး ခေါင်းနဲ့ဝှေ့တောင်းတဲ့အခါ




လို့ချော့သတဲ့။ ရွှေဝါဟာ အဲဒီလိုမျိုး သူစားချင်တာ အချိန်မှန် စားရတော့ တခြားကြောင်တွေလို အစာမရှာတတ်ဘူးတဲ့။

ရွှေဝါမှာ ညို ဆိုတဲ့ သူငယ်ချင်းကြောင်တစ်ကောင်ရှိတယ်။ ညိုက တစ်ခါတလေ ရောက်လာတတ်ပြီး ရွှေဝါကို ပြောတယ်။




လို့ပြောတဲ့အခါ



အေးပါကွာ ငါ့မှာ စားစရာတွေ
အများကြီးရှိတယ် စားသွားပါ

လို့ပြောပြီး ကျွေးတတ်တယ်တဲ့။

အင်း သူငယ်ချင်းရာ
ငါလဲ မင်းကို ကစားရင်းနဲ့
အစာရှာတတ်အောင်
သင်ပေးမယ်



လို့ ညိုက
ပြောတော့

ဒါတွေမလိုပါဘူးကွာ
ငါ့သခင်က ငါ့ကိုချစ်တယ်ကွ
ငါလိုချင်တာရတယ်



လို့ ရွှေဝါက
ပြန်ပြောလိုက်တယ်။

တစ်နေ့မှာတော့ သူ့သခင်က ရွှေဝါကို

ရွှေဝါရေ ငါခရီးထွက်ရမယ်
မင်းမှာလဲ သူငယ်ချင်း ရှိနေပြီဆိုတော့
ငါမရှိတဲ့ ရက်တွေမှာ
သူနဲ့အတူတူ အစာရှာစားနော်

လို့ပြောသတဲ့။



နောက်တစ်နေ့ရောက်တဲ့အထိ ညိုက ရောက်မလာခဲ့ဘူး။ ရွှေဝါဟာ ဗိုက်ဆာလာတော့ ကြွက်ကလေးတစ်ကောင်ကို လှမ်းမြင်လိုက်တဲ့အခါ




ဆိုပြီး ခုန်အုပ်လိုက်တယ်တဲ့။ ဒါပေမဲ့ ကြွက်ကလေးက အပြေးမြန်တဲ့အတွက် ရွှေဝါခမျာ အားလွှန်ပြီး ကျန်ခဲ့ရတာပေါ့။




ဆိုပြီး သူ့သခင်ကို တ ပြီး ငိုနေသတဲ့။
အဲဒီအချိန်မှာ ညိုရောက်လာပြီး




ဆိုပြီး ညိုက သူ့အစာ တစ်ဝက်ကို ခွဲပေးလိုက်တယ်။

ညိုက

ရွှေဝါရေ မင်းက ဘာမဆို
လိုတိုင်းရနေတော့ အစာမရှာတတ်ဘူးပေါ့
နောက်ဆို ငါနဲ့အတူတူ ကစားရင်းနဲ့
လေ့ကျင့်ရအောင်နော်

လို့ပြောတဲ့အခါ





ကျေးဇူးတင်ပါတယ်
သူငယ်ချင်းရာ နောက်ဆို
ကိုယ့်ကိုယ်ကိုယ် အားကိုး
နိုင်အောင် မင်းနဲ့အတူ
လေ့ကျင့်မယ်ကွာ

လို့ပြန်ပြောလိုက်သတဲ့။

အဲဒီနောက် ရွှေဝါနဲ့ ညိုတို့ဟာ
ပျော်ပျော်ရွှင်ရွှင်နဲ့
ကစားနေပါတော့တယ်။



## လေ့ကျင့်ခန်း

၁။ ရွှေဝါက ဘယ်လိုစိတ်ပြောင်းသွားတာလဲ။

၂။ ဘာဖြစ်လို့ စိတ်ပြောင်းလဲသွားတာလဲ။

၃။ ကလေးတို့မှာရော ညိုလို သူငယ်ချင်းရှိသလား။

၄။ ကိုယ့်ကိုယ်ကိုယ် အားကိုးရမယ်ဆိုတာကို ဘယ်လို နားလည်သလဲ။

၅။ ပုံပြင်ထဲက ရွှေဝါနဲ့ညို ဘယ်သူ့ကို ပိုသဘောကျသလဲ။ ဘာကြောင့်လဲ။

ရွှေဝါ ညိုနဲ့ သူ့သခင် နေရာတွေမှာ သရုပ်ဆောင်ပြီး ဖတ်ကြည့်ကြရအောင်



# (ဂ) မြန်မာ့ရိုးရာ ကလေးကစားစရာ



ကျွန်တော်တို့သည် ဘုရားပွဲတော်သို့သွားပါသည်။ ပွဲဈေးအလွန်စည်ပါသည်။ ဈေးသို့ရောက်သောခါ မြန်မာ့ရိုးရာ ကလေးကစားစရာများကို တွေ့ရပါသည်။ ထိုကစားစရာများသည် အလွန်လှပ၍ နှစ်သက်ဖွယ်ကောင်းပါသည်။



ရွှံ့ဖြင့်ပြုလုပ်သော အိုးပုတ်၊ ချိုးရုပ်၊ ငှက်ရုပ်၊ နွားရုပ်ကလေးများမှာ ချစ်စရာ ကောင်းလှပါသည်။



စက္ကူဖြင့်ပြုလုပ်သော ဇီးကွက်ရုပ်၊ ဖိုးဝရုပ်နှင့် ပစ်တိုင်းထောင်ရုပ်တို့ကိုလည်း ပွဲဈေးတွင် တွေ့ရပါသည်။ ရွှေရောင်ဝင်းနေသော ဇီးကွက်ရုပ်ကြီးများမှာ နှစ်သက်စရာ ကောင်းလှပါသည်။ မျက်နှာဝိုင်းဝိုင်းနှင့် ပစ်တိုင်းထောင်ရုပ်ကို ကျွန်တော်တို့ အလွန်သဘောကျပါသည်။



သစ်သားဖြင့် ပြုလုပ်ထားသော အိုးစည်၊ ကျားရုပ်နှင့် မြင်းရုပ်တို့ကိုလည်း တွေ့ရသည်။ အဝတ်စဖြင့် ပြုလုပ်ထားသော မင်းသားရုပ်၊ မင်းသမီးရုပ်၊ ဇော်ဂျီရုပ်ကလေးများကို ဆိုင်ခန်းထဲတွင် ချိတ်ဆွဲထားပါသည်။ ဝါးဖြင့် ပြုလုပ်ထားသော ပလွေ၊ ဓား၊ သေနတ်တို့ ခင်းကျင်းပြသထားသည်ကိုလည်း တွေ့ရပါသည်။ ကျွန်တော်တို့သည် ထိုအရုပ်များကို အလွန်နှစ်သက်ပါသည်။ ထို့ကြောင့် အရုပ်ဆိုင်မှ မခွာနိုင်အောင် ဖြစ်နေကြပါသည်။

ဖေဖေနှင့်မေမေတို့က ကျွန်တော်တို့အတွက် ကစားစရာအရုပ်မျိုးစုံကို ဝယ်ပေးပါသည်။

## လေ့ကျင့်ခန်း

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

အိုးပုတ်၊ ချိုးရုပ်၊ ပစ်တိုင်းထောင်၊ သေနတ်၊ ဇီးကွက်ရုပ်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

နှစ်သက်၊ ကစားစရာ၊ ချစ်စရာ၊ မျက်နှာ၊ ချိတ်ဆွဲ

**သာဓက**

နှစ်သက် ။ ။ ကျွန်တော်သည် ဖိုးဝရုပ်ကလေးကို အလွန်နှစ်သက်ပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ သစ်သားဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။

၂။ စက္ကူဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။

၃။ ဝါးဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။

၄။ ရွှံ့ဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။

၅။ အရုပ်ဆိုင်မှ မခွာနိုင်အောင် အဘယ်ကြောင့် ဖြစ်နေရပါသနည်း။

၆။ မြန်မာ့ရိုးရာ ကလေးကစားစရာများထဲတွင် မည်သည့်အရုပ်များနှင့် ကစားဖူးပါသနည်း။

၇။ မြန်မာ့ရိုးရာ ကလေးကစားစရာများထဲတွင် မည်သည့်အရုပ်ကို အနှစ်သက်ဆုံး ဖြစ်သနည်း။ အဘယ်ကြောင့်နည်း။

၈။ မြန်မာ့ရိုးရာ ကလေးကစားစရာများကို မည်သည့်အရာများဖြင့် ပြုလုပ်ထားပါသနည်း။

၉။ အရုပ်မပါသော ကစားနည်းများကို သိပါသလား။ မည်သည့် ကစားနည်းဖြင့် ကစားဖူးသနည်း။

## (ဃ) ရုပ်ပုံကြည့်ကာ စာရေးပါ







**သာဓက**

၁။ ငှက်ကလေးများ ပျံသန်းနေကြသည်။
၂။ လယ်သမားသည် နွားများဖြင့် လယ်ထွန်နေသည်။

## (င) ကျေးဇူးရှင်ဦးကြီးများ



ကျွန်ုပ်တို့နိုင်ငံသည် လယ်ယာစိုက်ပျိုးသောနိုင်ငံဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးကို လုပ်ဆောင်နေကြသော တောင်သူလယ်သမားများကို ကျွန်ုပ်တို့အမြဲလေးစားကြပါသည်။ တောင်သူလယ်သမားများကို လေးစားသောအားဖြင့် ကျွန်တော်တို့က ကျေးဇူးရှင်ဦးကြီးများဟု ရင်းရင်းနှီးနှီးခေါ်ကြပါသည်။



ဦးကြီးတို့ ကျေးဇူးကား များပြားလှပါသည်။ ကျွန်ုပ်တို့ နေ့စဉ်စားသုံးသော ဆန်စပါးကို ဦးကြီးတို့က စိုက်ပျိုးပေးကြပါသည်။ အဝတ်အထည် ရက်လုပ်ရန် ဝါများကိုလည်း စိုက်ပျိုးပေးကြပါသည်။ စားသုံးဆီအတွက် နှမ်းနှင့်မြေပဲကိုလည်း စိုက်ပျိုးပေးကြပါသည်။ သစ်သီးဝလံများကိုလည်း ရာသီအလိုက်စိုက်ပျိုးပေးကြပါသည်။ ဦးကြီးတို့သည် ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ ကျွဲ၊ နွားစသည်တို့ကိုလည်း မွေးမြူကြပါသည်။



ဦးကြီးတို့၏ကျေးဇူးကြောင့် ကျွန်ုပ်တို့၏ စားဝတ်နေရေးအတွက် စိတ်အေးရပါသည်။ ထို့ကြောင့် တောင်သူလယ်သမားဦးကြီးများသည် ကျွန်ုပ်တို့၏ ကျေးဇူးရှင်များ ဖြစ်ပါသည်။

## လေ့ကျင့်ခန်း

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

အဝတ်အထည်၊ ဝါဂွမ်း၊ များပြား၊ ရက်လုပ်၊ လယ်ယာ

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

မွေးမြူ၊ သစ်သီးဝလံ၊ ကျေးဇူး၊ စိုက်ပျိုး၊ ဆန်စပါး

**သာဓက**

မွေးမြူ ။ ။ ကျွန်မတို့အိမ်တွင် ခွေးငါးကလေးများ မွေးမြူထားပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ တောင်သူလယ်သမားကြီးများကို အဘယ်ကြောင့် ဦးကြီးများဟု ခေါ်ကြသနည်း။

၂။ ကျွန်ုပ်တို့စားသော ဆန်စပါးကို မည်သူတို့က စိုက်ပျိုးပေးသနည်း။

၃။ ဦးကြီးတို့သည် စားသုံးဆီအတွက် မည်သည့်အသီးအနှံကို စိုက်ပျိုးသနည်း။

၄။ တောင်သူလယ်သမားဦးကြီးများကို ကျွန်ုပ်တို့၏ ကျေးဇူးရှင်ဟု အဘယ်ကြောင့် ခေါ်သနည်း။

၅။ စာပိုဒ်တစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သနည်း။

၆။ ကျေးဇူးရှင်ဦးကြီးများသည် ဖတ်စာပါ အကြောင်းအရာများအပြင် မည်သည့်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြသနည်း။

# အခန်း ၃ ဗဟုသုတသိမှတ်ဖွယ် စကားပုံ ပုံပြင်သင်ကြမယ်

## (က) ဖုန်းပြောခြင်း

**မင်းမင်း** ဟလို့ . . . ကောင်းမြတ်တို့အိမ်ကပါလားခင်ဗျာ။

**ကောင်းမြတ်၏ မိခင်** ဟုတ်ပါတယ်။
ဒေါ်လေးက သူ့အမေပါ။
အခုဆက်တာ ဘယ်သူပါလဲကွယ်။

**မင်းမင်း** သားက သူ့ သူငယ်ချင်း မင်းမင်းပါ ခင်ဗျာ။
ဒီနေ့ သူကျောင်းမတက်လို့ သူ့ကိုပြောစရာရှိလို့ပါ။

**ကောင်းမြတ်၏ မိခင်** အော် ဟုတ်လား။
သူနေမကောင်းလို့ ကျောင်းမတက်နိုင်တာပါ။
သားကို ခေါ်ပေးမယ်နော်။





**ကောင်းမြတ်** ဟလို. . . မင်းမင်း. . . ငါပါ။

**မင်းမင်း** ကောင်းမြတ် နေကောင်းပြီလား။

**ကောင်းမြတ်** အေး သက်သာပါတယ်။

**မင်းမင်း** ငါ မင်းကို ပြောစရာရှိတယ်။
လာမဲ့ သောကြာနေ့မှာ အသင်းလိုက်
ပုံပြောပြိုင်ပွဲရှိတယ်။
အတူလေ့ကျင့်ရအောင်လို့ အကြောင်းကြားတာ။

**ကောင်းမြတ်** ဘာပုံပြင်ပြောရမှာလဲ သူငယ်ချင်း။

**မင်းမင်း** ကြောင်ကလေးရွှေဝါပုံပြင်ကို
သရုပ်ဆောင်ပြီး ပြောရမှာကွ။

**ကောင်းမြတ်** ဟုတ်လား စိတ်ဝင်စားစရာပဲ။
ငါတို့အတူတူ လေ့ကျင့်ကြတာပေါ့။
ကျေးဇူးတင်ပါတယ် သူငယ်ချင်း။

**မင်းမင်း** ဒါပဲနော် ဖုန်းချလိုက်တော့မယ်။





**ကလေးတို့အချင်းချင်း ပြောကြည့်ရအောင်။**



- ဘယ်သူက ဘယ်သူ့ကို ပြောတာလဲ။
- ဘာအကြောင်းတွေ ပြောတာလဲ။
- လူကြီးတွေနဲ့ စကားပြောရင် ဘယ်လိုပြောရမလဲ။
- အခြားသူတွေနဲ့ ဘယ်လိုပြောလို့ရသေးသလဲ။ ပြောကြည့်ကြရအောင်။

## (ခ) ပိုနေမြဲ ကျားနေမြဲ

တစ်ခါတုန်းက မောင်ပိုဆိုတဲ့ လူငယ်လေးတစ်ယောက်ရှိသတဲ့။ သူဟာ နေ့စဉ် လယ်ထွန်သွားရင်းနဲ့ လယ်တောအနားမှာရှိတဲ့ တောအုပ်ထဲက ကျားတစ်ကောင်နဲ့ မိတ်ဆွေဖြစ်ခဲ့သတဲ့။

တစ်နေ့တော့ ကျားက"မောင်ပိုရေ. . . မင်းတို့ရွာကို ငါ တစ်ခါလောက် လိုက်လည်ချင်တယ်ကွာ"လို့ပြောသတဲ့။ မောင်ပိုက ကျားဟာ ရွာထဲမှာရှိတဲ့ နွားတွေကို ဝင်ဆွဲတတ်တာသိတော့ "အေးပါကွာ နောက်တော့ ခေါ်ပါမယ်" ဆိုပြီး နှစ်သိမ့်လိုက်သတဲ့။

အဲဒီညမှာပဲ ကျားဟာ ရွာထဲကိုဝင်ပြီး နွားတစ်ကောင်ကို ဝင်ဆွဲသွားသတဲ့။ ရွာသားတွေက ကျားကိုထောင်ဖမ်းဖို့ ကျားလာရာလမ်းမှာ ထောင်ချောက် ဆင်ထားလိုက်ကြတယ်။ ဒါကိုမောင်ပိုကသိတော့ ကျားကို ဒီညရွာထဲကို မလာဖို့ သတိပေးလိုက်သတဲ့။



ဒါပေမဲ့ ကျားက မောင်ပို့စကားကို နားမထောင်ဘဲ ရွာထဲကို ဝင်လာတော့ ထောင်ချောက်မှာ မိသွားတော့တာပေါ့။
သူငယ်ချင်းဖြစ်တဲ့ မောင်ပိုဟာ ကျားကိုမြင်တော့သနားပြီး ရွာသားတွေ မသိအောင် ထောင်ချောက်ကနေ လွှတ်ပေးလိုက်သတဲ့။



ကျေးဇူးကန်းတဲ့ကျားဟာ ထောင်ချောက်က လွတ်လွတ်ချင်းပဲ “ခုတော့ မင်းက ငါ့အစာဖြစ်သွားပြီ။ မင်းကိုစားတော့မယ်”လို့ ပြောလိုက်တော့ မောင်ပိုက “အို ဒီလိုမလုပ်ပါနဲ့။ ငါကမင်းကို ကယ်ခဲ့တာလေ။ ကျေးဇူးရှင်ကို မင်း မပြစ်မှားသင့်ဘူး”လို့ ပြောလိုက်သတဲ့။ ဒီလိုနဲ့ ငြင်းရင်းခုံရင်း ဘယ်သူ မှန်တယ် မှားတယ် ဆိုတာ ဆုံးဖြတ်ပေးနိုင်မဲ့သူကို ရှာကြမယ်ဆိုပြီး ထွက်လာခဲ့ကြသတဲ့။





ပထမဦးဆုံး နွားခေါင်းရိုးကို တွေ့တော့ သူက “ငါ့သခင်က ငါ့ကို နှစ်ပေါင်းများစွာ ခိုင်းခဲ့တယ်။ ငါ အလုပ်မလုပ်နိုင်တော့ သူတို့က ငါ့ကို သတ်စားကြတယ်။ ဒါကြောင့် လူဖြစ်တဲ့ မောင်ပိုကို စားသင့်တယ်”လို့ ဆုံးဖြတ်ချက်ချလိုက်သတဲ့။ မောင်ပိုက ကျားကို “ငါကတော့ မင်းအသက်ကို ကယ်ခဲ့တာပါကွာ။ ငါ့ကို မစားသင့်ပါဘူး။ တခြားတစ်ယောက်ကို ဆုံးဖြတ်ခိုင်းကြည့်ပါကွာ”လို့ တောင်းပန်ပြီး ညောင်ပင်ကြီး တစ်ပင်ဆီကို သွားခဲ့ကြသတဲ့။

ညောင်ပင်ကြီးကလဲ “လူတွေက ငါ့အရိပ်ကို ခိုလှုံရုံမက ငါ့အကိုင်းတွေကိုလဲ ချိုးယူကြတယ်။ ဒါကြောင့် မောင်ပိုကို စားသင့်တယ်”လို့ ဆုံးဖြတ်လိုက်ပြန်သတဲ့။ ဒီအခါ မောင်ပိုက “ငါ့ကို နောက်ဆုံးအခွင့်အရေးပေးပါကွာ”လို့ ပြောပြီး



နောက်ဆုံးတွေ့တဲ့ ယုန်ပညာရှိဆီမှာ အဆုံးအဖြတ် ခံယူကြတာပေါ့။ ယုန်ပညာရှိက သူတို့ပြောစကားကို နားထောင်ပြီး “ဒီအဖြစ်အပျက်ကို အဆုံးအဖြတ်ပေးနိုင်ဖို့ ထောင်ချောက်မိခဲ့တဲ့နေရာကို သွားကြမယ် လာကြ” ဆိုပြီး မောင်ပိုနဲ့ ကျားကို လက်တွေ့ပြခိုင်းလိုက်သတဲ့။

ဒီအခါ ကျားက ထောင်ချောက်ထဲကိုဝင်ပြီး မောင်ပိုက ထောင်ချောက်အပြင်ဘက်မှာ နေပြလိုက်သတဲ့။ ယုန်ပညာရှိက မောင်ပိုကို ထောင်ချောက်အမြန်ပိတ်ခိုင်းပြီး "ပိုနေမြဲ ကျားနေမြဲ နေစေ" လို့ အဆုံးအဖြတ်ပေးလိုက်သတဲ့။ ဒီလိုနဲ့ "ပိုနေမြဲ ကျားနေမြဲ" ဆိုတဲ့ စကားပုံ ပေါ်ပေါက်လာခဲ့သတဲ့ ကွယ်။



## လေ့ကျင့်ခန်း

၁။ ပုံပြင်ထဲမှာ ဇာတ်ဆောင်ဘယ်နှယောက်ပါသလဲ။

၂။ ကျားက ရွာထဲကို ဘာဖြစ်လို့ ဝင်လာတာလဲ။

၃။ မောင်ပိုကို ကျားက ဘာကြောင့် စားသင့်တယ်လို့ နွားခေါင်းရိုးက ဆုံးဖြတ်လိုက်တာလဲ။

၄။ မောင်ပိုကို ကျားက ဘာကြောင့် စားသင့်တယ်လို့ ညောင်ပင်ကြီးက ဆုံးဖြတ်လိုက်တာလဲ။

၅။ မောင်ပိုဟာ ဘယ်လိုစိတ်သဘောထားမျိုးရှိတဲ့ သူလဲ စဉ်းစားကြည့်ကြရအောင်။

၆။ ယုန်က ဘာဖြစ်လို့ အဲဒီလိုဆုံးဖြတ်တာလဲ။ သူ့ဆုံးဖြတ်ချက်ကို ကြိုက်ရဲ့လား။

၇။ ပိုနေမြဲ ကျားနေမြဲ စကားပုံရဲ့ အဓိပ္ပာယ်ကို ဖြေကြည့်ကြရအောင်။

ကလေးတို့ သိတဲ့ တခြားစကားပုံလေးတွေကို ပြောကြည့်ကြရအောင်



# (ဂ) ပင်ဝါးရုံ (ကဗျာ)



**ပင်ဝါးရုံ**

စိမ်းလဲ့ငယ်တဲ့ ညိုရောင်။
ပင်ဝါးရုံ လေယူသိမ်းတယ်
ယိမ်းနွဲ့ မြောက်တောင်။
မြူခိုးရယ်မှောင်
ဟိုတောင်ကြော့ ခါးပန်း။
ရွှေဥဒေါင်းငယ်တို့
မြိုင်စောင်းမှာ တွန်သံ ချိုလှတယ်
ကွန်းခိုတဲ့နန်း။

**အမည်မသိရှေးစာဆို**



# (ဃ) ကျရာခေါင်းစဉ်ပြောကြမယ်







**လေ့ကျင့်ခန်း**

ကိုယ်ရွေးတဲ့ ခေါင်းစဉ်မှာပါတဲ့ အကြောင်းအရာကို သူငယ်ချင်းတွေနဲ့ ပြောကြရအောင်။

သူငယ်ချင်းတွေကို ပြောပြီးပြီဆိုတော့ ကိုယ်ရွေးထားတဲ့ ခေါင်းစဉ်နဲ့ ဝါကျငါးကြောင်းလောက် ရေးကြရအောင်။

# (င) နွားအကြောင်း



မြန်မာ့လယ်ယာလုပ်ငန်းတွင် နွားကို အသုံးပြုကြသည်။ လယ်ယာစတင်ထွန်ယက်သည့်အချိန်မှစ၍ သီးနှံများကို သိမ်းဆည်းပြီးသည့်အချိန်အထိ နွားနှင့်အလုပ်လုပ်ကြရသည်။



နွားထီးများကို လုပ်ငန်းများတွင် အသုံးပြုကြသည်။ နွားမများကိုမူ နို့စားနွားအဖြစ် မွေးမြူကြသည်။ အချို့သောနိုင်ငံများတွင် အသားရရန် နွားကို သီးသန့် မွေးမြူကြသည်။



နွားကို လှည်းတွင်တပ်ဆင်ကာ ခရီးသွားရန်နှင့် သယ်ယူပို့ဆောင်ရန် အသုံးပြုကြသည်။ စက်မှုထွန်းကားလာသောခေတ်တွင် နွားကို အသုံးပြုသူ နည်းပါးသွားသော်လည်း အလှူမင်္ဂလာပွဲ၊ ရှင်လောင်းလှည့်ပွဲ၊ မင်္ဂလာအခမ်းအနားပွဲ စသည်တို့တွင် လှည်းယဉ်ကို တခမ်းတနား အသုံးပြုနေဆဲဖြစ်သည်။ သွေးတူမွေးတူ နွားများကို ချုံများ၊ အဆင်တန်ဆာများဆင်ပြီးလျှင် လှည်းယဉ်တွင်က၍ မောင်းလေ့ရှိသည်။ နွားချော နွားကောင်းများကို အလှမွေးကြသည်။



မြန်မာနိုင်ငံတွင် နွားများကို စားကျက်များသို့လွှတ်၍ နွားကျောင်းလေ့ရှိကြသည်။ နွားစာများမှာ မြက်၊ ကောက်ရိုး၊ ပြောင်းရိုး၊ ပဲဖတ်၊ နှမ်းဖတ်စသည်တို့ဖြစ်သည်။ နွားများကို ခြံခတ်၍လည်းကောင်း၊ နွားတင်းကုပ်များ ဆောက်၍လည်းကောင်း ထားလေ့ရှိသည်။ နွားသည် လူတို့အတွက် အသုံးဝင်သော တိရစ္ဆာန်ဖြစ်သည်။

# လေ့ကျင့်ခန်း

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

သိမ်းဆည်း၊ ချူ၊ အဆင်တန်ဆာ၊ လှည်းယဉ်၊ ခြံခတ်၊ တင်းကုပ်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

စားကျက်၊ ထွန်ယက်၊ သီးသန့်၊ အသုံးဝင်၊ သွေးတူမွေးတူ

**သာဓက**

စားကျက် ။ ။ နွားများသည် စားကျက်တွင် အစာစားနေကြသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ နွားကို မည်သို့ အသုံးပြုကြသနည်း။

၂။ နွားမများကို မည်သည့်အတွက် မွေးမြူကြသနည်း။

၃။ သွေးတူမွေးတူနွားများကို မည်သို့ အသုံးပြုလေ့ရှိသနည်း။

၄။ နွားကို မည်ကဲ့သို့ ထားလေ့ရှိသနည်း။

၅။ နွားများသည် လူတို့ကို မည်သို့ အကျိုးပြုကြသနည်း။

၆။ သင်မြင်ဖူးသော နွားအမျိုးအစားများကို ဖော်ပြပါ။

# (စ) ပြန်လှန်သင်ကြားခြင်း (၁)

## ကိုကကြီးတို့ရွာ










### သတ်ပုံသံပေါက်ကဗျာကို ဆိုကြရအောင်

၁။ **ပျာ**ယီး**ပျာ**ယာ၊ ယောင်**ချာချာ**
**ဗျာများ**တာလဲ ယပင့်ပဲ။
**လျာ**ထားတာလဲ ယပင့်ပဲ။

၂။ မလာတော့**မျှော်**၊ လာတော့**ပျော်**
ခေါင်း**လျှော်**တာလဲ ယပင့်ပဲ။
**ကျောင်း**တော်သာလဲ ယပင့်ပဲ။

၃။ လယ်ယာစိုက်**ပျိုး**၊ **ပျူ**လူ**မျိုး**
**ချောင်း**ရိုးကိုလဲ ယပင့်ပဲ။
ကောင်း**ကျိုး**ကိုလဲ ယပင့်ပဲ။

၄။ **ဖြိုးဖြိုးဖြောက်ဖြောက်**၊ **ဖြောက်**အိုးဖောက်
**ခြောက်**လှန့်နေတော့ ရရစ်ပေ့ါ။
**ကြောက်**လန့်နေတော့ ရရစ်ပေ့ါ။

၅။ လူစီးတဲ့**မြင်း**၊ လက်ဆွဲ**ခြင်း**
**ငြင်း**ဆန်တာတော့ ရရစ်ပေ့ါ။
**ပြင်း**ထန်တာတော့ ရရစ်ပေ့ါ။

၆။ အ**ကြို**အ**ကြား**၊ ဆောင့်**ကြွားကြွား**
ဖောက်**ပြား**တာတော့ ရရစ်ပေ့ါ။
**မြောက်မြား**တာတော့ ရရစ်ပေ့ါ။

**ရေနံ့သာမောင်ကျော်ညွန့်**

# အခန်း ၄ စာဖတ်ခန်းကို သွားကာရယ် ဗဟုသုတရှာကြမယ်

## (က) ဝိုင်းဖွဲ့ပြီး ပြောကြရအောင်



ကလေးတို့အတန်းထဲမှာ အသင်းတာဝန်ခွဲထားတယ် မဟုတ်လား. . . အသင်းလိုက် ဝိုင်းဖွဲ့ထိုင်ပြီး ပြောကြရအောင် . . .



**မေးခွန်းလေးတွေ ဖြေကြည့်ကြရအောင်။**



(၁) ကိုယ့်ရဲ့ အသင်းနာမည်က ဘာလဲ။

(၂) အသင်းလိုက်ဆောင်ရွက်ချက်တွေက ဘာတွေလဲ။

(၃) အသင်းတာဝန်ကျတဲ့နေ့မှာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့တာကို ပြောပြပါ။

(၄) အသင်းတာဝန်ကျတဲ့နေ့မှာ ပါဝင်ဆောင်ရွက်ခဲ့တာတွေကို စာအုပ်ထဲမှာ ရေးကြမယ်။

(၅) အသင်းထဲမှာ ဘယ်သူက ဘာတာဝန် ယူသလဲဆိုတာ ပြောပြီး ရေးကြမယ်။

# (ခ) ယုန်နှင့်လိပ်

တစ်နေ့သောအခါ ယုန်နှင့်လိပ်တို့ တွေ့ဆုံကြရာ ယုန်က “ကိုရွှေလိပ် မင်းသွားတာ သိပ်နှေးတာပဲ”ဟုကဲ့ရဲ့၏။ ထိုအခါ လိပ်က “ဖိုးရွှေယုန် မင်းနဲ့ ငါ အပြေးပြိုင်မလား။ မင်းကို ငါမကြောက်ဘူး”ဟု ဆို၏။ ယုန်ကလည်း “ကောင်းပြီ။ ဒါဆို ပြိုင်ကြတာပေါ့”ဟု ပြောလိုက်လေ၏။

နောက်တစ်နေ့နံနက်၌ ယုန်နှင့်လိပ်တို့သည် အပြေးပြိုင်ကြလေ၏။





ယုန်သည် လျင်မြန်စွာပြေး၏။ လိပ်ကလည်း မရပ်မနားဘဲ တရွေ့ရွေ့သွား၏။ ယုန်သည် အရိပ်ကောင်းသော နေရာတစ်ခုသို့ ရောက်သောအခါ “ငါ ပန်းတိုင်နဲ့ နီးလာပြီ။ လိပ်ကို စောင့်ရင်း နားလိုက်အုံးမယ်”ဟုဆိုကာ တစ်ရေးအိပ်လေသည်။

ယုန်သည် အိပ်ရာမှ နိုးလာသော် ချက်ချင်းထ၍ ပြေး၏။ ထိုအချိန်တွင် လိပ်သည် ပန်းတိုင်သို့ ဦးစွာရောက်နှင့်ပြီး ဖြစ်လေသည်။ ယုန်က "လိပ်ကို ငါအထင်သေးမိပြီ။ လိပ်လို ဇွဲရှိရှိနဲ့ ကြိုးစားခဲ့ရင် ပန်းတိုင်ကို ငါက အရင် ရောက်မှာ"ဟု တွေးရင်း နောင်တရမိလေတော့သည်။



## လေ့ကျင့်ခန်း

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

အပြေးပြိုင်၊ အရိပ်၊ တစ်ရေးအိပ်၊ ဦးစွာ၊ ချက်ချင်း၊ နောင်တ

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

ကြိုးစား၊ ကဲ့ရဲ့၊ တရွေ့ရွေ့၊ လျင်မြန်စွာ၊ ပန်းတိုင်

**သာဓက**

ကြိုးစား ။ ။ ကျွန်တော်တို့သည် ကျောင်းစာများကို ကြိုးစား သင်ယူကြပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ ယုန်နှင့်လိပ်ပုံပြင်ထဲတွင် ပါဝင်သောအမူအကျင့်ကောင်း တစ်ခုကို ပြောပါ။
၂။ လိပ်သည် ပြိုင်ပွဲ အစမှ အဆုံးအထိ ဘယ်လို ကြိုးစားခဲ့သလဲ။
၃။ ယုန်နှင့်လိပ်ပုံပြင်ကို ဖတ်ပြီး ဘယ်လို ခံစားရသလဲ။
၄။ ယုန်နှင့်လိပ်ပုံပြင်တွင် သင် မည်သူ့ကို နှစ်သက်သနည်း။ အဘယ်ကြောင့်နည်း။
၅။ ဇွဲရှိရှိ ကြိုးစားလုပ်ဆောင်ချင်သည့်အကြောင်းအရာတစ်ခုကို ရေးပါ။

# (ဂ) တောသူ့ရွာမို့ (ကဗျာ)



## တောသူ့ရွာမို့

ရွှေပဟိုရ် စည်သံများကိုလ
မကြားရ ကြာချေပြီ
လေးလရာသီ။
တိုင်းဌာနီ
မဟုတ်ကယ်ပါပြီလို့။
ကြက်သံကို ပဟိုရ်ပြုရတယ်
တောသူ့ရွာမို့။

**အမည်မသိရှေးစာဆို**

# (ဃ) သယ်ယူပို့ဆောင်ရေးယာဉ်များ



မြန်မာနိုင်ငံ၌ တစ်နေရာမှတစ်နေရာသို့ ဆက်သွယ်သွားလာရာတွင် လွယ်ကူချောမွေ့စေရန်အတွက် ယာဉ်အမျိုးမျိုးကို အသုံးပြုကြပါသည်။ အသုံးပြုသော ခရီးလမ်းကြောင်းများမှာ ကုန်းလမ်းခရီး၊ ရေလမ်းခရီး၊ လေကြောင်းခရီးတို့ဖြစ်ပါသည်။ အသုံးပြုသော ယာဉ်များတွင် တည်ဆောက်သည့် ပုံသဏ္ဍာန်အမျိုးမျိုးရှိသည်ကို တွေ့ရပါသည်။

ယာဉ်များ၏ တည်ဆောက်သည့်ပုံသဏ္ဍာန်များသည် အဘယ်ကြောင့် ကွဲပြားခြားနားကြသနည်း။



ကုန်းလမ်းခရီးတွင် လှည်း၊ မော်တော်ကား၊ မီးရထားတို့ကို အသုံးပြု၍ သွားလာကြသည်။ ထိုယာဉ်များတွင် ကားလမ်း၊ ရထားလမ်းစသည့် မြေကြီးပေါ်၌ လိမ့်၍ ရွေ့လျားနိုင်ရန် ဘီးများပါရှိသည်။ ထို့ကြောင့် မြေကြီးပေါ်တွင်လိမ့်၍ သွားနိုင်အောင် လူအားနှင့် စက်တွန်းအား လိုအပ်သည်။



ရေလမ်းခရီးတွင် လှေ၊ ဖောင်၊ သင်္ဘော၊ ရွက်လှေတို့ကို အသုံးပြု၍ သွားလာကြသည်။ ထိုယာဉ်များတွင် ရေကို ယက်ထုတ်နိုင်သော လှော်တက်၊ ပန်ကာနှင့် လေကို အသုံးပြုသောရွက်များ ပါသည်။ ထို့ကြောင့် ရေပေါ်တွင် ရွေ့လျားသွားနိုင်အောင် လူအား၊ ရေအား၊ လေအားနှင့် စက်တွန်းအား လိုအပ်သည်။





လေကြောင်းခရီးတွင် လေယာဉ်ပျံ၊ ရဟတ်ယာဉ်တို့ကို အသုံးပြုကြသည်။ ထိုယာဉ်များတွင် အမြင့်သို့တက်နိုင်ရန်နှင့် လေပေါ်တွင် ပျံဝဲနိုင်ရန် တောင်ပံများ၊ ပန်ကာများနှင့် စက်တွန်းအားများ လိုအပ်သည်။

စက်မှုလက်မှုပညာထွန်းကားလာသည်နှင့်အမျှ သယ်ယူပို့ဆောင်ရေးယာဉ် အမျိုးမျိုးပေါ်ပေါက်လာသည်။ ထိုယာဉ်အမျိုးမျိုးသည် ရွေ့လျားသည့် နေရာပေါ် မူတည်ပြီး တည်ဆောက်သည့်ပုံသဏ္ဍာန်များ ကွဲပြားခြားနားသည်ကို တွေ့ရပါသည်။

ဖတ်စာမှာပါတဲ့ စိတ်ဝင်စားစရာအကြောင်းတွေကို ပြောကြရအောင်



## လေ့ကျင့်ခန်း

### အောက်ပါအကြောင်းအရာများကို မှတ်စုတွင်ရေးသားပါ။

| ယာဉ် | ရွေ့လျားစေသော အရာ | အကြောင်းရင်း |
|---|---|---|
| လှည်း၊ မော်တော်ကား၊ မီးရထား | | |
| လှေ၊ ဖောင်၊ သင်္ဘော၊ ရွက်လှေ | | |
| လေယာဉ်ပျံ၊ ရဟတ်ယာဉ် | | |

### မေးခွန်းလေးတွေကို ဖြေကြည့်ကြရအောင်။

၁။ ကုန်းလမ်းခရီးသွားတဲ့ တခြားယာဉ်တွေကို ပြောပြပြီး ဘာကြောင့် ဘီးတွေကို အသုံးပြုရသလဲဆိုတာ ပြောကြရအောင်။

၂။ ရေလမ်းခရီးသွားတဲ့ လှေ၊ ဖောင်၊ သင်္ဘော၊ ရွက်လှေတွေမှာ ဘာတွေပါသလဲဆိုတာ ပြောကြရအောင်။

၃။ လေကြောင်းခရီး သွားတဲ့ယာဉ်တွေမှာ တောင်ပံ၊ ပန်ကာနဲ့ စက်တွန်းအားတွေ ဘာကြောင့်လိုအပ်သလဲဆိုတာ ပြောကြရအောင်။

၄။ ဖတ်စာပါယာဉ်တွေအပြင် ဘာယာဉ်တွေရှိသေးသလဲ။ ဘယ်နေရာမှာ ရွေ့လျားသလဲ။ ဘယ်လိုအရာတွေကြောင့် ရွေ့လျားသလဲ။

၅။ သယ်ယူပို့ဆောင်ရေးယာဉ်တွေကို အသုံးပြုတဲ့အတွက် ဘယ်လို အကျိုးကျေးဇူးတွေ ရလာနိုင်သလဲ။

## (င) စာဖတ်ခန်းသွားကြမယ်







**ဘာစာအုပ်တွေဖတ်ကြမလဲ။**

- ကလေးတို့ ဖတ်ချင်တဲ့ စာအုပ်တွေကို ရွေးဖတ်နိုင်တယ်နော်။
- ကိုယ်ဖတ်တဲ့ စာအုပ်နာမည်ကိုလဲ မှတ်ခဲ့ကြမယ်နော်။

# (စ) စဉ်းစားကြည့်ကာရေးကြည့်ပါ



တကယ်လို့ ကလေးတို့သာ. . . ဖြစ်ခဲ့ရင်ဆိုပြီး
စဉ်းစားထားတာလေးတွေကို ပြောကြည့်ကြရအောင်



ကျွန်တော့် နာမည်က ဖိုးချိုပါ။ ကျွန်တော်သာ ငှက်ကလေးတစ်ကောင်
ဖြစ်ခဲ့မယ်ဆိုရင် ကျွန်တော့်မှာရှိတဲ့ တောင်ပံတွေနဲ့ မရောက်ဖူးသေးတဲ့
တောင်တန်းတွေရှိရာကို အဝေးကြီး ပျံသန်းလိုက်ချင်တယ်။
အဲဒီလိုပျံသန်းနေရင်းနဲ့ ကျွန်တော်ဆိုချင်တဲ့ သီချင်းတွေကို
အကျယ်ကြီးအော်ဆိုသွားမှာပါ။ အို ကမ္ဘာမြေကြီးက
သိပ်ကို သာယာလှပမှာပဲ။ ငှက်ကလေးလို ကိုယ်သွားချင်တဲ့
နေရာတွေကို လေထဲမှာပျံသန်းပြီး သွားရရင်သိပ်ကောင်းမှာပါပဲ။
ဒါကတော့ ကျွန်တော့်ရဲ့ စိတ်ကူးကလေးပါ။
ကဲ သူငယ်ချင်းတို့ဆိုရင်ရော။



**ရေးကြည့်ကြရအောင်။**

- ကိုယ်စဉ်းစားပြီး ပြောထားတဲ့ အကြောင်းအရာလေးတွေကို ရေးကြည့်ကြရအောင်။

# (ဆ) ပြန်လှန်သင်ကြားခြင်း (၂)

## ပါဠိဆင့်တို့ရှာသွားကြမယ်




### သတ်ပုံသံပေါက်ကဗျာကို ဆိုကြရအောင်

၁။ မိုးတိမ်**မည်းမည်း**၊ မိုးသံ**ဟည်း**
**သည်း**ထန်တာလဲ ညသတ်မယ်။
**နည်း**မှန်တာလဲ ညသတ်တယ်။

၂။ ထမင်းတစ်**လုတ်**၊ လက်ဖက်**ကြုတ်**
ထင်း**ခုတ်**သူပေါ့ တသတ်မယ်။
တင်း**ပုတ်**ယူတော့ တသတ်ကွယ်။

၃။ လွင်ပြင်မြေ**ပြန့်**၊ သတင်း**ဖြန့်**
**လှန့်**ခြောက်နေလဲ နသတ်မယ်။
**လန့်**ကြောက်နေလဲ နသတ်မယ်။

၄။ ဖတ်စာကိုဖတ်၊ လေ့လာမှတ်
**ခတ္တာ**ဆိုလဲ တသတ်တယ်။
**ပတ္တာ**ကိုလဲ တသတ်မယ်။

၅။ **ရုက္ခ**ဗေဒ၊ **ပါမောက္ခ**
**တက်**ကြွနေပေါ့ ကသတ်တယ်။
**မြွက်**ဟနေတော့ ကသတ်မယ်။

၆။ **ကျောက္ကာ**ရွာဖြစ်**ဖြစ်**၊ လက်ရာ**စစ်**
ယွန်း**အစ်**ကိုတော့ စသတ်ပေါ့။
ကျွန်း**သစ်**ဆိုတော့ စသတ်ပေါ့။

**ရေနံ့သာမောင်ကျော်ညွန့်**

# အခန်း ၅ ပုံပြင်ကလေးတွေ သင်ကာရယ် တိရစ္ဆာန်ရုံလဲ သွားကြမယ်

## (က) ပျော်ပျော်ရွှင်ရွှင်မေးကြမယ်

**ဆရာမ** သားရေ မောင်ထက်မြက် ဖြေပါအုံးကွယ်။ ဒီတစ်ပတ်ကျောင်းပိတ်ရက်မှာ ဘယ်ကိုသွားခဲ့သလဲ။

**ကျောင်းသား** ပွဲဈေးတန်းသွားခဲ့ပါတယ် ဆရာမ။

**ဆရာမ** ဘာတွေလုပ်ခဲ့သလဲကွယ်။

**ကျောင်းသား** မုန့်တွေစားခဲ့ပါတယ်။ ကစားဖို့အရုပ်တွေလဲဝယ်ခဲ့ပါတယ်။

**ဆရာမ** သား ပျော်ခဲ့ရဲ့လား။ ဘာတွေ အထူးအဆန်း တွေ့ခဲ့သေးသလဲ။

**ကျောင်းသား** သိပ်ပျော်ပါတယ် ဆရာမ။ အဲဒီမှာ မျက်လှည့်ပွဲလဲ ကြည့်ခဲ့ပါတယ်။



အမည် မောင်ထက်မြက်

နေရာ ပွဲဈေးတန်း

ဘာတွေလုပ်ခဲ့သလဲ မုန့်စားခဲ့တယ်။ အရုပ်ဝယ်ခဲ့တယ်။

ဘာတွေအထူးအဆန်းတွေ့ခဲ့သေးသလဲ မျက်လှည့်ပွဲမှာ ထူးဆန်းတာတွေ တွေ့ခဲ့ပါတယ်။

## သူငယ်ချင်းအချင်းချင်းမေးကြရအောင်



အမည် ____________________

နေရာ ____________________

ဘာတွေလုပ်ခဲ့သလဲ ____________________

ဘာတွေအထူးအဆန်းတွေ့ခဲ့သေးသလဲ ____________________

____________________

အမည် ____________________

နေရာ ____________________

ဘာတွေလုပ်ခဲ့သလဲ ____________________

ဘာတွေအထူးအဆန်းတွေ့ခဲ့သေးသလဲ ____________________

____________________

- ကလေးတို့နောက်ထပ်သိချင်တာလေးတွေကို မေးကြည့်ကြရအောင်
- သူငယ်ချင်းကိုမေးပြီး ရေးမှတ်ထားတာတွေကို အားလုံးသိအောင်ပြောကြရအောင်



# (ခ) ဒေါင်းယောင်ဆောင်သောကျီး

ရှေးအခါက ကြွားဝါတတ်သော ကျီးတစ်ကောင်ရှိလေသည်။ ထိုကျီးသည် ဒေါင်းများကို မြင်လျှင် ဒေါင်းကဲ့သို့ လှပလို၏။ ထို့ကြောင့် ဒေါင်းတောင်များကို ရှာပြီးလျှင် သူ့ကိုယ်၌ တပ်ဆင်၍ ဒေါင်းတို့နေရာသို့ သွားလေ၏။





ဒေါင်းတို့နှင့်တွေ့သောအခါ ကျီးက "ငါဟာ ဒေါင်းတစ်ကောင်ဖြစ်တယ်" ဟုဆိုကာ ဒေါင်းယောင်ဆောင်၍နေလေ၏။

ဒေါင်းတို့ကလည်း "ဟယ် ငှက်ကြွား မင်းက ဒေါင်းမျိုးမှမဟုတ်တာ ကျီးတစ်ကောင်ပဲ"ဟု ဆိုကြလေ၏။ ဒေါင်းတို့သည် ကျီးကိုဝိုင်း၍ ထိုးဆိတ်ကြကုန်၏။ ထိုအခါ ကျီး၏ကိုယ်မှ ဒေါင်းတောင်များသာမက ကျီးတောင်များပါ ကျွတ်ကျကုန်၏။



ကျီးသည် လွန်စွာနာကျင်လျက် မိမိတို့အမျိုးဖြစ်သော ကျီးတို့ထံ ပြန်ပြေးလေ၏။ ကျီးတို့က "မင်းက ကိုယ့်အမျိုးကို အထင်မကြီးဘဲ တခြား အမျိုးတွေကို အထင်ကြီးတတ်တဲ့သူပဲ ငါတို့ဆီမလာနဲ့"ဟု နှင်ထုတ်ကြ ၏။ ဒေါင်းယောင်ဆောင်သော ကျီးကို ဒေါင်းတို့ကသာမက ကျီးတို့ကပါ မုန်းတီးကြလေသတည်း။

## လေ့ကျင့်ခန်း

အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။

တပ်ဆင်၊ ထိုးဆိတ်၊ နှာကျင်၊ မုန်းတီး၊ ကျွတ်ကျ

အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

နေရာ၊ ကြွားဝါ၊ အထင်ကြီး၊ နှင်ထုတ်၊ လှုပ

**သာဓက**

နေရာ ။ ။ ကျီးသည် ဒေါင်းတို့၏ <u>နေရာ</u>သို့ သွားပါသည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ ကျီးသည် အဘယ်ကြောင့် ဒေါင်းတောင်များကို ရှာခဲ့သနည်း။
၂။ ကျီးသည် အဘယ်ကြောင့် ဒေါင်းတို့ကို အထင်ကြီးသနည်း။
၃။ ဒေါင်းတို့က ကျီးကို မည်ကဲ့သို့ ပြောသနည်း။
၄။ ကျီးတို့က ဒေါင်းယောင်ဆောင်သော ကျီးကို အဘယ်ကြောင့် မုန်းတီးကြသနည်း။
၅။ စာပိုဒ်တစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သည်ကို ပြောပြပါ။
၆။ ဒေါင်းယောင်ဆောင်သောကျီးပုံပြင်ကို ဖတ်ပြီး သင်၏ စိတ်တွင် မည်သို့ခံစားရသနည်း။

# (ဂ) လူလေးကြီးရင် (ကဗျာ)



## လူလေးကြီးရင်

လူလေးကြီးရင် စွမ်းအင်ထုတ်လို့
အင်ဂျင်နီယာကြီး လုပ်ချင်တယ်။
တိုက်တာကျောင်းအိမ် စက်ရုံများနဲ့
တံတားလမ်းပါ တည်ဆောက်မယ်။
တူးမြောင်းဆည်ကန် သင်္ဘောများနဲ့
ယာဉ်ရထားလဲ တည်ဆောက်မယ်။
တည်ဆောက်နိုင်အောင် စာကြိုးစားလို့
တတ်ပညာများ သင်ယူမယ်။
သင်မယ် သင်မယ်။

**မင်းယုဝေ**

ကဗျာကို ရွတ်ဆိုပြီး
ကိုယ်ဖြစ်ချင်တာကိုရော
ပြောတတ်ကြရဲ့လား

## (ဃ) တိရစ္ဆာန်ဥယျာဉ်






မြန်မာနိုင်ငံတွင် တိရစ္ဆာန်ဥယျာဉ် သုံးခုရှိသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် မြန်မာနိုင်ငံတွင် ပထမဆုံး တည်ထောင် သော တိရစ္ဆာန်ဥယျာဉ်ဖြစ်ပြီး ဒုတိယမှာ မန္တလေးမြို့ရှိ ရတနာပုံတိရစ္ဆာန်ဥယျာဉ် ဖြစ်သည်။ တတိယမှာ နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်ကြီးဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ်ဆိုတာ ဘယ်လိုနေရာမျိုးဖြစ်မလဲ။

တိရစ္ဆာန်ဥယျာဉ်ဆိုသည်မှာ တိရစ္ဆာန် မျိုးစုံကို တစ်နေရာတည်းတွင် ပြသထားသော နေရာဖြစ်သည်။ တောထဲတွင် လှည့်လည် ကျက်စားသွား လာတတ်သော တိရစ္ဆာန်များကို ဥယျာဉ်ထဲတွင် အနီးကပ် ကြည့်ရှုနိုင်ပါသည်။ တိရစ္ဆာန် ဥယျာဉ်ထဲရှိ တိရစ္ဆာန်များကို လှည့်လည် ကြည့်ရှုရင်း အရိပ်အာဝါသကောင်းသော သစ်ပင်များ အောက်တွင်လည်း နားခိုနိုင်ပါသည်။





ကျား၊ ကျားသစ်၊ ခြင်္သေ့၊ ဝက်ဝံစသည့် တိရစ္ဆာန်များကို အုတ်တံတိုင်းကာရံသော

ခြံကျယ်ကြီးများတွင် ထားသည်ကို တွေ့ရပါသည်။ ဆင်ရုံထဲရှိ ဆင်ကြီးများကိုလည်း ကြံချောင်းများ၊ ငှက်ပျောသီးများ ကျွေးနိုင်ပါသည်။





သစ်ကုလားအုတ်၊ မြင်း၊ မြင်းကျား၊ သမင်၊ ယုန် စသည့် တိရစ္ဆာန်များကို သံဆန်ခါကာထားသော ခြံကျယ်ကြီးများတွင် ထားသည်။ တိရစ္ဆာန်များသည် ခြံထဲတွင် သွားလာနေကြသည်။ လာရောက်သူများက ကျွေးသော အစာများကိုလည်း စားသောက်နိုင်ကြသည်။





ရေမြင်း၊ မိကျောင်း၊ ဖျံ၊ လိပ် စသည့် တိရစ္ဆာန်များကိုမူ ရေကန်ကြီးများထဲတွင် ထားသည်။ သူတို့သည် ရေထဲတွင် သဘာဝအလျောက်နေထိုင်ရင်း လူများကျွေးသော အစာများကိုလည်း စားကြသည်။





ဇီးကွက်၊ ဒေါင်း၊ ကြက်တူရွေး စသည့် ငှက်များကို ခြံကျယ်ကြီးထဲရှိ သစ်ပင်ကြီးများပေါ်တွင်ထားသည်။ ခြံကြီးကို သံဆန်ခါကာထားရုံသာမက အပေါ်မှလည်း သံဆန်ခါ အုပ်မိုးထားသည်။ ကျယ်ဝန်းသောခြံကြီးတွင် ကျေးငှက်များ လွတ်လပ်စွာ ပျံသန်းသွားလာနိုင်ကြသည်။

အငြိမ်မနေတတ်သော မျောက်များကိုလည်း သံဆန်ခါကွက်များကာထားသော ခြံထဲရှိ သစ်ပင်ကြီးများပေါ်တွင် တွေ့နိုင်ပါသည်။ သူတို့မှာ သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်း ခုန်ကူး ဆော့ကစားရင်း လူများကျွေးသော ငှက်ပျောသီးများ၊ မုန့်များကို စားကြသည်။




တိရစ္ဆာန်များသည် လူတို့၏ မိတ်ဆွေများဖြစ်သည့်အပြင် ကမ္ဘာပေါ်ရှိ သဘာဝ အလှတစ်မျိုးလည်းဖြစ်သည်။ ထို့ကြောင့် တိရစ္ဆာန်ဥယျာဉ်သို့သွား၍ တိရစ္ဆာန်တို့၏ ကွဲပြားခြားနားသော ပုံသဏ္ဌာန်နှင့် စရိုက် သဘာဝတို့ကို လေ့လာနိုင်ပါသည်။

## လေ့ကျင့်ခန်း

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

ဥယျာဉ်၊ တိရစ္ဆာန်၊ လှည့်လည်၊ တံတိုင်း၊ ပုံသဏ္ဌာန်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

မိတ်ဆွေ၊ အနီးကပ်၊ ဆော့ကစား၊ ကျေးငှက်၊ သံဆန်ခါ

**သာဓက**

မိတ်ဆွေ ။ ။ မောင်မောင်နှင့်ကျွန်တော်သည် မိတ်ဆွေများဖြစ်သည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ တိရစ္ဆာန်ဥယျာဉ်သည် မည်သို့သော နေရာမျိုးဖြစ်သနည်း။

၂။ ဖတ်စာပါ သင်နှစ်သက်သော တိရစ္ဆာန် ၅ မျိုး၏ အမည်ကို ဖော်ပြပါ။

၃။ အုတ်တံတိုင်းကာရံသော ခြံကျယ်ကြီးများတွင် ထားရှိသည့် တိရစ္ဆာန်များ၏ အမည်ကို ဖော်ပြပါ။ အဘယ်ကြောင့် ထိုသို့ထားရသနည်း။

၄။ ရေကန်ထဲတွင်ထားသော တိရစ္ဆာန်များ၏ အမည်ကို ဖော်ပြပါ။ အဘယ်ကြောင့် ထိုသို့ထားရသနည်း။

၅။ သင်သိသော တခြားတိရစ္ဆာန်အမည် ဘယ်နှမျိုးကို ဖော်ပြနိုင်သနည်း။

၆။ သင်သိသော တခြားတိရစ္ဆာန်များကို တိရစ္ဆာန်ဥယျာဉ်ထဲရှိ မည်သည့် နေရာတွင် ထားချင်သနည်း။

# (င) ကျောင်းတက်ရက်တစ်နေ့တာ






မနေ့က မနက် ၇ နာရီမှာ အိပ်ရာက နိုးပါတယ်။
အိပ်ရာကနိုးတာနဲ့ မျက်နှာသစ်၊ ရေချိုးပြီး မနက်စာ စားပါတယ်။
မနက် ၈ နာရီခွဲမှာ ကျောင်းကို သွားပါတယ်။
သင်ခန်းစာအသစ်တွေကို စိတ်ဝင်တစား သင်ပါတယ်။
အားလပ်ချိန်မှာ နေ့လယ်စာစားပြီး သူငယ်ချင်းတွေနဲ့
အတူတူ ကစားကြပါတယ်။
ကျောင်းဆင်းချိန် အိမ်အပြန်မှာတော့
သူငယ်ချင်းအဖော်တွေနဲ့ အတူတူပြန်ခဲ့ပါတယ်။




## လိုအပ်တာတွေ ပြန်ပြင်ရေးကြရအောင်



- ကိုယ်ရေးထားတဲ့အကြောင်းအရာတွေကို သူငယ်ချင်းအချင်းချင်း လဲလှယ်ပြီး ဖတ်ကြည့်ကြရအောင်။
- သူငယ်ချင်းဆီက အကြံဉာဏ်တွေကိုနားထောင်ပြီး ရေးထားတာတွေကို ပိုကောင်းအောင် ပြန်ပြင်ကြရအောင်။
- ကိုယ်ရေးထားတာတွေ မိသားစုကို ပြန်ပြကြရအောင်။

# အခန်း ၆ ပေးစာ စကားထာ သင်ကာရယ် ကိုယ်တိုင်ပုံပြင်ပြောကြမယ်

## (က) လယ်စောင့်တဲ (ကဗျာ)



**လယ်စောင့်တဲ**

မိုးရေတက်ရေ တဖွေးဖွေး
ကွင်းကျယ် အဝေးဝေး။
လယ်စောင့်တဲလေး ခြေတံရှည်
မိုးကုပ်အောက်မှာ တည်။
ကြာနီတစ်ပွင့် ဖြူတစ်ပွင့်
တဲနှင့် ပန်းတင့်။

**မင်းသုဝဏ်**



# (ခ) ဥတုသုံးလီ မြန်မာပြည်

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း ဟူ၍ ဥတုသုံးပါး ရှိပါသည်။ ဥတုသုံးပါးသည် မည်သို့ ကွဲပြားခြားနားသနည်း။



တပေါင်းလပြည့်ကျော်တစ်ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ လေးလသည် နွေဥတုဖြစ်သည်။ ပူပြင်းခြောက်သွေ့သောကာလဖြစ်သဖြင့် အပင်တိုင်းတွင် ရွက်ဟောင်းများကြွေ၍ ရွက်သစ်များ ဝေကြသည်။ မြစ်ချောင်း အင်းအိုင်များတွင် ရေနည်း၍ သဲသောင်များပေါ်လာကြသည်။ ကျေးငှက်တို့သာယာစွာ တွန်ကျူးကြသည်။ သရဖီပန်း၊ ပိတောက်ပန်း၊ စံကားဝါပန်း၊ ကံ့ကော်ပန်းနှင့် စံပယ်ပန်းများပွင့်ကြသည်။ ပူအိုက်လှသဖြင့် လူများမှာ ပေါ့ပေါ့ပါးပါးအဝတ်များကိုဝတ်၍ အရိပ်ကိုခိုကာ အေးအေးလူလူ နေကြသည်။



ဝါဆိုလပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ လေးလသည် မိုးဥတု ဖြစ်သည်။ မိုးဖြိုင်ဖြိုင်ရွာသောကာလဖြစ်သဖြင့် သစ်ပင်ပန်းပင်များ စိမ်းလန်းလာကြသည်။ မြစ်ချောင်း အင်းအိုင်တို့တွင် ရေဖွေးဖွေးရှိကြသည်။ ကျေးငှက်တို့ အသိုက်များတွင် မိုးခိုကြသည်။ မြတ်လေးပန်း၊ ခတ္တာပန်း၊ ရင်းမာပန်းနှင့် ကြာပန်းများ ပွင့်ကြသည်။ မထူမပါးအဝတ်များကို ဝတ်ဆင်၍ ထီးရောင်စုံ၊ မိုးကာ ရောင်စုံတို့ဖြင့် သွားလာကြပါသည်။



တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ လေးလသည် ဆောင်းဥတုဖြစ်သည်။ ငွေနှင်းစိုစိုနှင့် အချမ်းပိုသောကာလဖြစ်သည်။ တောတောင်ရေမြေ တစ်ခွင်လုံး စိမ်းစိုလန်းဆန်းနေသည်။ မြစ်ချောင်း အင်းအိုင်များတွင် မြူများဆိုင်းနေသည်။ စိုစွတ်သော မိုးဥတုကုန်ဆုံးခဲ့သဖြင့် ကျေးငှက်တို့ အသိုက်မှထွက်ကာ တေးသံများ သီကျူးလာကြသည်။ ခဝဲပန်း၊ သဇင်ပန်း၊ ခွာညိုပန်းနှင့် ပေါက်ပန်းများ ပွင့်ကြသည်။ လူများမှာလည်း နှင်းမှုန်မှုန်ကြားတွင် အဝတ်ထူထူများ၊ အနွေးထည်များ၊ ခေါင်းစွပ်များနှင့် လည်စည်းပဝါများ ဝတ်ဆင်ကာ သွားလာကြသည်။

ဤကဲ့သို့ မြန်မာနိုင်ငံရှိ ဥတုသုံးလီအပေါ် မူတည်၍ ရာသီအလိုက်ပွင့်သောပန်းများ၊ ဝတ်စားဆင်ယင်ပုံများ ကွဲပြားခြားနားကြပါသည်။

## လေ့ကျင့်ခန်း

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

ရွက်ဟောင်းကြွေ၊ တွန်ကျူး၊ ခြောက်သွေ့၊ စိုစွတ်၊ ဝတ်ဆင်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

စိမ်းလန်း၊ ပူပြင်း၊ အင်းအိုင်၊ မိုးဖြိုင်ဖြိုင်၊ သီကျူး

**သာဓက**

စိမ်းလန်း ။ ။ မိုးဥတုတွင် သစ်ပင်များ စိမ်းလန်းနေသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ စာပိုဒ်တစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သည်ကိုပြောပြပါ။

၂။ ဥတုသုံးလီတွင် ရာသီဥတုအခြေအနေများ မည်သို့ ကွဲပြားခြားနားကြသနည်း။

၃။ ရာသီအလိုက် ပွင့်သောပန်းများကို ဖော်ပြပါ။

၄။ ရာသီအလိုက် ဝတ်စားဆင်ယင်ပုံကို ဖော်ပြပါ။

၅။ မြန်မာနိုင်ငံရှိ ဥတုသုံးမျိုးအနက် မည်သည့်ရာသီဥတုကို သင်အနှစ်သက်ဆုံးဖြစ်သနည်း။ အဘယ်ကြောင့် နှစ်သက်သနည်း။

၆။ ဖတ်စာပါအကြောင်းအရာများအပြင် ဥတုအလိုက် မတူညီသောအချက်များကို ဖော်ပြပါ။

## (ဂ) ပေးစာ




သူငယ်ချင်းဖိုးခွားရေ

ငါ ဝါသနာအပါဆုံးကတော့ ပန်းချီပုံတွေဆွဲပြီး အရောင်ခြယ်နေရတာပဲ။ ယုန်ပုံကလေးတွေ၊ ခွေးပုံကလေးတွေ ဆွဲရတာ သိပ်ပျော်စရာကောင်းတယ်။ မင်းရော ပန်းချီဆွဲရတာ ဝါသနာပါသလား။ ငါ့ဆီ စာပြန်ပါအုံး။

မင်းရဲ့ သူငယ်ချင်း
ဘုန်းပြည့်

**အခြားအကြောင်းအရာကလေးတွေရေးနိုင်တယ်နော်**

သာဓက
- ကိုယ်အချစ်ဆုံး တိရစ္ဆာန်လေးအကြောင်း
- အကြိုက်ဆုံးကာတွန်း

**သူငယ်ချင်းဆီ ပေးစာရေးကြမယ်**

______________________

______________________________________________

______________________________________________

______________________________________________

______________________________________________

____________________________________

______________________

______________________



သူငယ်ချင်းဆီ ပြန်စာဘယ်လိုရေးမလဲ

ဘုန်းပြည့်ရေ

ငါကတော့ အားလပ်ချိန်မှာ သီချင်းဆိုရတာကို ဝါသနာ ပါတယ်။ ပန်းချီဆွဲရတာ ဝါသနာပါပေမဲ့ မင်းလို ကောင်းကောင်း မဆွဲတတ်ဘူးကွာ။ မင်းအားတဲ့အချိန်မှာ ငါ့ကို ပန်းချီဆွဲသင်ပေးပါလား။

မင်းရဲ့ သူငယ်ချင်း
ဖိုးခွား

**သူငယ်ချင်းဆီ ပြန်စာရေးကြမယ်**

____________________

____________________________________________________

____________________________________________________

____________________________________________________

___________________________________

____________________

____________________

## လေ့ကျင့်ခန်း

၁။ ဘယ်သူက ဘယ်သူ့ကိုရေးတာလဲ။
၂။ စာထဲမှာ ဘာအကြောင်းတွေ ရေးထားလဲ။
၃။ ကိုယ်ရေးမဲ့ ပေးစာအကြောင်းကို သူငယ်ချင်းနဲ့ တိုင်ပင်ပြီး ရေးကြရအောင်။
၄။ သူငယ်ချင်းအချင်းချင်း အပြန်အလှန် ပြန်စာ ရေးကြရအောင်။

သူငယ်ချင်း အချင်းချင်း ပေးစာ တွေ ရေးကြည့်ကြ ရအောင်



## (ဃ) စကားထာ



အချင်းချင်းပြောပြီး အဖြေရှာ ကြည့်ကြရအောင်



၁။ ခေါင်းမြီးခြုံ လုံပါပေ့၊ ဆံမြိတ်ချ လှပါပေ့၊
ကျောက်တန်းစီ ညီပါပေ့။



၂။ ဒိုက်ခုတ်တော့ အုတ်ပေါ်၊
အုတ်ခုတ်တော့ ကြွေပေါ်၊
ကြွေခုတ်တော့ရေပေါ် ဘာသီးလဲနော်။



၃။ တစ်ကြိမ်သာစား တစ်သက်လုံး ဗိုက်ကား။



၄။ ရေလယ်ကောင် သောင်ထွန်း၊
နတ်သမီးနေတဲ့ ကျွန်း။







၅။ နေ့ဘက်ခွဲခွာ ညခါပြန်ပေါင်း။



၆။ မျက်လုံးတစ်ရာ ခြေမှာတစ်ချောင်းတည်း၊
ခေါင်းပေါ်မှာ ကြက်တောင်စည်း။



၇။ မျက်နှာပေါ်က လက်သုံးချောင်း၊
ရှည်သူအပြေးကောင်း။



၈။ ခန္ဓာကိုယ်ကလှေ၊ ခြေထောက်ကလှော်တက်။






## (င) ကိုယ်တိုင်ပုံပြောကြရအောင်

တစ်ခါတုန်းက ဦးလေးကြီးဆီမှာ အစအနောက်သန်တဲ့ မျောက်ကလေး တစ်ကောင်ရှိတယ်။ သူဟာ ဒီမျောက်ကလေးကို တောထဲ ထင်းခွေသွားရင်းနဲ့ တွေ့လို့ ခေါ်လာခဲ့တာဖြစ်တယ်။ မျောက်ကလေးက သူ့သခင်ကို အမြဲတမ်း စလေ့နောက်လေ့ရှိတယ်။ သူ့သခင်က မစဖို့ မနောက်ပြောင်ဖို့ မျောက်ကလေးကို ပြောတယ်။ ဒါပေမဲ့ မျောက်ကလေးက ဘယ်တော့မှ နားမထောင်ဘူး။ တစ်နေ့မှာ သူ့သခင်က အုန်းသီးတစ်လုံးယူလာပြီး မျောက်ကလေးကို ပေးလိုက်တယ်။




**အတန်းရှေ့မှာ ထွက်ပြောကြရအောင်။ သူငယ်ချင်းရဲ့ ပုံပြင်လေးကို အဆုံးသတ် ပြောကြမယ်။**



**ပုံပြင်ကို ကိုယ်တိုင်ဖန်တီးကြရအောင်။**



အဒေါ်ကြီး



စပါးစေ့



ဘဲကလေး

**မှတ်စုကလေးတွေ ရေးမှတ်မယ်။**

| | သာဓက | ရုပ်ပုံပါ စကားလုံးသုံးလုံး သုံးပြီး ပုံပြင် ဖန်တီးရေးကြရအောင် |
|---|---|---|
| နေရာ | အိမ်မှာ | |
| ဇာတ်ဆောင် | မျောက်ကလေးနဲ့ သူ့သခင် | |
| အဖြစ်အပျက် | မျောက်ကလေး အုန်းသီး ရရှိ | |
| အဆုံးသတ် | စဉ်းစား ကြရအောင် | |

# အခန်း ၇ ဇာတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်

## (က) ကျေးညီနောင်



ရှေးသရောအခါ လက်ပံပင်ကြီးတစ်ပင်၌ ညီနောင်ကျေးနှစ်ကောင်တို့ ရှိကြသတဲ့။ ကျေးငယ်တို့သည် အတောင်မစုံသေးသဖြင့် ကောင်းစွာမပျံနိုင်ကြသေးချေ။

တစ်နေ့သ၌ လေပြင်းမုန်တိုင်းကျ၍ ထိုကျေးညီနောင်တို့ လွင့်ပါသွားကြ၏။ တစ်ကောင်မှာ ခိုးသူတို့နေရာ၌ကျ၍ ခိုးသူတို့က ကောက်ယူကျွေးမွေးထား၏။ အခြားတစ်ကောင်မှာ ရသေ့တို့၏ ကျောင်းသင်္ခမ်းအတွင်း၌ကျ၍ ရသေ့တို့က ကောက်ယူကျွေးမွေးထား၏။

တစ်နေ့သော် ဘုရင်ကြီးတစ်ပါးသည် တောကစားထွက်လာရာ မောပန်းသဖြင့် ခိုးသူတို့ရွာအနီးရှိ သစ်ပင်ရိပ်တွင် အပန်းဖြေနေ၏။ ခိုးသူတို့ မွေးထားသော ကျေးသည် ဘုရင်ကြီးကိုမြင်လျှင် "ဒီလူကို သတ်ကြပေ့။ အဝတ်အစားတွေကိုလဲ ယူကြပေ့"ဟု ခိုးသူတို့အား ဟစ်အော်တိုက်တွန်းလေသည်။

ဘုရင်ကြီးလည်း "ဒီအရပ်က ဘေးအန္တရာယ်များတယ်။ မနေသင့်တော့ဘူး" ဟုဆိုကာ အမြန်ထွက်သွားလေ၏။



ဘုရင်ကြီးသည် ရသေ့တို့နေရာသို့ရောက်၍ နားနေပြန်၏။ ထိုအခါ ရသေ့တို့မွေးထားသောကျေးက "အရှင်မင်းကြီး ကြွပါ။ အပန်းဖြေပါ။ အေးမြတဲ့ ရေကို သောက်ပါ။ သစ်သီးတွေကို သုံးဆောင်ပါ"ဟု သာယာသောအသံဖြင့် ကြိုဆို၏။ ဘုရင်လည်း "ကျေးသားငယ် အရင်ငါတွေ့ခဲ့ဖူးတဲ့ ကျေးက မင်းလို မဟုတ်ဘူး။ အလွန်ရိုင်းစိုင်းလှတယ်။ မင်းကတော့ ယဉ်ကျေးလှပါပေတယ်"ဟု ချီးမွမ်း၏။





"အရှင်မင်းကြီး အဲဒီကျေးငယ်က အကျွန်ုပ်ရဲ့ ညီဖြစ်ပါတယ်။ ကျွန်ုပ်တို့ညီနောင်ဟာ လေမုန်တိုင်းကြောင့်တကွဲတပြားစီ ဖြစ်ခဲ့ကြရပါတယ်။ ကျွန်ုပ်ရဲ့ညီလေးဟာ ခိုးသူတို့ဆီကို ရောက်သွားပြီး ကြမ်းတမ်း ရိုင်းစိုင်းသွားရပါတယ်။ ကျွန်ုပ်ကတော့ ဆရာရသေ့ဆီရောက်လို့ နူးညံ့သိမ်မွေ့ရပါတယ်"ဟု ကျေးကဆိုလေသည်။

ကျေးသား၏စကားကိုကြားရသော် ရှင်ဘုရင်ကြီးကပြုံးမိလေသတည်း။

# လေ့ကျင့်ခန်း

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

မောပန်း၊ ကျောင်းသင်္ခမ်း၊ အန္တရာယ်၊ ဟစ်အော်၊ တိုက်တွန်း

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

အေးမြ၊ လေပြင်းမုန်တိုင်း၊ သုံးဆောင်၊ ချီးမွမ်း၊ နူးညံ့သိမ်မွေ့

**သာဓက**

အေးမြ ။ ။ သစ်ပင်ရိပ်သည် အလွန်အေးမြပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ ကျေးညီနောင်တို့သည် အဘယ်ကြောင့် ကွဲကွာခဲ့ကြရသနည်း။

၂။ ခိုးသူတို့မွေးထားသော ကျေးသည် ဘုရင်ကြီးကို မြင်လျှင် မည်ကဲ့သို့ ဟစ်အော်သနည်း။

၃။ ခိုးသူတို့ မွေးထားသော ကျေးသည် အဘယ်ကြောင့် ထိုသို့ဟစ်အော်သနည်း။

၄။ ရသေ့တို့ မွေးထားသော ကျေးသည် ဘုရင်ကြီးကိုမြင်လျှင် မည်သို့ ပြောဆိုသနည်း။ အဘယ်ကြောင့်ထိုသို့ ပြောဆိုသနည်း။

၅။ ကျေးညီနောင်ပုံပြင်မှ မည်သည့်သင်ခန်းစာများ ရသနည်း။

၆။ အပြောအဆို ယဉ်ကျေးလိမ္မာခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြပါ။

## (ခ) အတာသင်္ကြန်




တန်ခူးလသည် နှစ်သစ်ကူးသောလဖြစ်သည်။

တန်ခူးလကို အတာကူးသောလ ဟူ၍လည်း သိကြသည်။ အတာကူးခြင်းဆိုသည်မှာ နှစ်ကာလကူးပြောင်းခြင်းပင် ဖြစ်သည်။ တန်ခူးလ ပိတောက်ပန်းပွင့်ချိန်တွင် မြန်မာ ရိုးရာသင်္ကြန်ရေသဘင်ပွဲတော်ကို ကျင်းပကြသည်။ သင်္ကြန်ဟူသောစကားသည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။

သင်္ကြန်အခါတွင် လူအများသည် ဘုရားပုထိုးများတွင် ရေသပ္ပာယ်ကြသည်။ ကုသိုလ်ကောင်းမှုပြုကြသည်။ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသည်။ တိရစ္ဆာန်များ ကိုလည်း ဘေးမဲ့လွှတ်ကြသည်။





ရတနာသုံးပါး၊ ဆရာသမား၊ ဘိုးဘွားမိဘစသော ရိုသေထိုက်သူတို့ကို ကန်တော့ကြသည်။ သက်ကြီးရွယ်အိုများကို ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်းဖြင့် ကုသိုလ်ကောင်းမှုပြုကြသည်။

လူငယ်များသည် သင်္ကြန်အခါတွင် တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်စွာ ရေပက်ကစားကြသည်။ ငွေဖလားတွင် အမွှေးနံ့သာရည်များထည့်ကာ သပြေခက်များဖြင့် ယဉ်ကျေးစွာ ရေကစားကြသည်။ အချို့မှာ အိုးစည်ဗုံမောင်းတီးလျက် အကအခုန်များဖြင့် ရေသဘင်ပွဲကို ဆင်နွှဲကြသည်။ မြို့ကြီးပြကြီးများတွင် မဏ္ဍပ်များထိုး၍ သင်္ကြန်တေးသီချင်းများ၊ သင်္ကြန်ယိမ်းအကများ၊ သံချပ်များဖြင့် ကပြဖျော်ဖြေကြသည်။ အလှပြသင်္ကြန်ကားကြီးများနှင့် လှည့်လည် ကပြကြသည်။

သင်္ကြန်ပွဲတော်သည် မြန်မာ့ရိုးရာ ရေသဘင်ပွဲဖြစ်သည့်အတွက် ကျွန်ုပ်တို့သည် ပျော်ရွှင်စွာနှင့် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲသင့်ပေသည်။



## လေ့ကျင့်ခန်း

### အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။

တန်ခူး၊ သင်္ကြန်၊ အဓိပ္ပာယ်၊ ရေသပ္ပာယ်၊ မဏ္ဍပ်

### အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

ရေသဘင်ပွဲ၊ နှစ်သစ်ကူး၊ ကုသိုလ်ကောင်းမှု၊ သက်ကြီးရွယ်အို၊ ဘေးမဲ့လွှတ်

**သာဓက**

ရေသဘင်ပွဲ ။ ။ ကျွန်တော်တို့သည် ရေသဘင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြပါသည်။

### အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ အတာကူးခြင်း ဆိုသည်မှာအဘယ်နည်း။

၂။ သင်္ကြန်ဟူသောစကား၏ အဓိပ္ပာယ်ကို ဖော်ပြပါ။

၃။ မည်သည့်လတွင် သင်္ကြန်ပွဲကျင်းပကြသနည်း။

၄။ စာတစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သည်ကို ပြောပြပါ။

၅။ သင်္ကြန်ပွဲတော်တွင် မည်သို့ပါဝင်ဆင်နွှဲကြသနည်း။

၆။ သင်္ကြန်ရေသဘင်ပွဲတော်အတွေ့အကြုံကို စာ ၅ ကြောင်းခန့်ရေးပါ။

# (ဂ) ပျော်ပျော်ရွှင်ရွှင် ပြဇာတ်သင်မယ်



# ညီနောင်ငါးဦးပြဇာတ်

ဒေါက်တို



ဟေ့ တို့ညီအစ်ကို ငါးဦးထဲမှာ ငါဟာ အဝဆုံး၊ အားအကြီးဆုံး။ ဒါကြောင့် ငါ အမြတ်ဆုံးကွ။

(ဒေါက်တိုက ခေါင်းမော့ရင်ကော့လျက် လက်မထောင်ကာ ပြောစေ)

ရန်လို



အောင်မယ် မဟုတ်တာ၊ ကျွန်တော်သာ အမြတ်ဆုံး၊ ဟော ကြည့်ပါလား၊ ဒီမောင်မပါရင် ဘယ်ကိုမှ ညွှန်ပြလို့ မရဘူး။

(ရန်လိုက စိတ်ဆိုးမာန်ဆိုးဟန်ဖြင့် လက်ညှိုးထိုးကာ ပြောစေ)

သူ့ထက်ကဲ



အစ်ကိုကြီးတို့ရာ၊ စကားများမနေကြပါနဲ့ ကျွန်တော်သာ မြတ်ပါတယ်။ ဟော ဘယ်သူ အမြင့်ဆုံးလဲ၊ ရပ်ကြည့်ကြစမ်း။ ကျွန်တော်အမြင့်ဆုံးမဟုတ်လား၊ ဒါကြောင့် ဒီမောင်က အမြတ်ဆုံးပါ။

(သူ့ထက်ကဲက ဝင့်ကြွားသော မျက်နှာနှင့် ခြေဖျားထောက်လျက် ပြောစေ)

ရွှေပြည်စိုး



ဟား ဟား လောကမှာ ငွေရှိမှ လူခေါ်ချင်တာ၊ ကြည့်စမ်း ရွှေလက်စွပ်၊ စိန်လက်စွပ်၊ ဘာဖြစ်ဖြစ် ကျွန်တော့်ကိုသာ ဝတ်ပေးရပါတယ်။ ဒါကြောင့် ဒီသူဌေးကလေးက မြတ်ပါတယ် ခင်ဗျ။

(ရွှေပြည်စိုးက လက်စွပ်ဝတ်ထားသော လက်သူကြွယ်ကို မြှောက်ပြရင်း ပြောစေ)

**ညီပုလေး**



အစ်ကိုကြီးတို့ရာ၊ အစ်ကိုကြီးတို့ ဘုရားရှိခိုးဖူးရဲ့လား။ အခု လက်အုပ်ချီကြည့်ကြစမ်းပါ။ အဲဟုတ်ပြီ ဘုရားနဲ့ အနီးဆုံးနေရာမှာ ဘယ်သူကနေရာယူနေရသလဲ ခင်ဗျာ။

(ညီပုလေးက အစ်ကိုကြီးများ ရှေ့၌ ဒူးထောက်၍ လက်အုပ်ချီဟန်ပြုလျက်ပြောစေ)

**အားလုံး**

ဟောဒီ ညီပုလေးပါ။

**ညီပုလေး**



အဲ အဲဒါကြောင့် ကျွန်တော် မောင်မောင်ညီက အမြတ်ဆုံးပါ။

**အားလုံး**

ဟာ ပိုင်သကွာ။

**ညီပုလေး**



စင်စစ်တော့ ကျွန်တော်တို့အားလုံးဟာ မိခင်ဖြစ်တဲ့ ဒီခန္ဓာကိုယ်ကြီးကို လုပ်ကျွေးနေကြတဲ့ ညီအစ်ကိုတစ်တွေ ဖြစ်ပါတယ်။ ကိုယ့်နေရာနဲ့ကိုယ် အသုံးကျတာချည်းပါပဲ။ စကားနိုင်လုနေကြဖို့ မလိုပါဘူး။ ဒါကြောင့် ကျွန်တော်တို့တစ်တွေ တာဝန်ကျေကျေနဲ့ စုပေါင်းဆောင်ရွက်ကြပါစို့။



**အားလုံး**

ကောင်းတယ်၊ ကျေနပ်တယ်။

**ညီပုလေး**



ညီစေနော်။

**အားလုံး**

ညီတယ်။

## လေ့ကျင့်ခန်း

၁။ ညီနောင်ငါးဦးက ဘယ်သူတွေလဲ။

၂။ ဒေါက်တိုက ညီနောင်လေးဦးကို ဘယ်လိုပြောသလဲ။

၃။ ရန်လိုက ညီနောင်လေးဦးကို ဘယ်လိုပြောသလဲ။

၄။ သူ့ထက်ကဲက ညီနောင်လေးဦးကို ဘယ်လိုပြောသလဲ။

၅။ ရွှေပြည်စိုးက ညီနောင်လေးဦးကို ဘယ်လိုပြောသလဲ။

၆။ အငယ်ဆုံးဖြစ်တဲ့ ညီပုလေးက ဘာကြောင့် သူအမြတ်ဆုံးလို့ ပြောတာလဲ။

၇။ ကိုယ့်နေရာနဲ့ကိုယ် အားလုံးအသုံးကျတယ်လို့ ညီပုလေးပြောတဲ့စကားကို ကလေးတို့ လက်ခံသလား။ ဘာကြောင့်လဲ။

၈။ ညီနောင်ငါးဦးမှာ ဘယ်လိုစိတ်ထားမျိုးရှိကြသလဲ။

ညီနောင်ငါးဦးပြဇာတ်ကို ကလေးတို့ ကိုယ်တိုင် သရုပ်ဆောင်ပြီး ပြဇာတ်ကကြရအောင်





## (ဃ) ပြန်လှန်သင်ကြားခြင်း (၃)

၁။ တစ်နှစ်တာလုံးဘာတွေသင်ကြားခဲ့သလဲဆိုတာ စဉ်းစားကြည့်ကြရအောင်



- ကျောင်းသုံးစာအုပ်နဲ့ မှတ်စုစာအုပ်ပေါ် မူတည်ပြီးစဉ်းစားကြမယ်။

၂။ ကိုယ်မှတ်မိနေတဲ့ ဖတ်စာ၊ ပုံပြင်တွေကို သူငယ်ချင်းနဲ့ပြောကြည့်ကြရအောင်



- ဘယ်သင်ခန်းစာကို မှတ်မိသလဲ။
- ဘာကြောင့် မှတ်မိတာလဲ။
- ဘာတွေထူးခြားသလဲ။
- သင်ခန်းစာကတစ်ဆင့် ဘာတွေပိုပြီး တတ်မြောက်သွားသလဲ။

၃။ ဘယ်သင်ခန်းစာကိုကြိုးစားပြီး လုပ်ဆောင်ခဲ့သလဲ



- ကိုယ့် အကြံဉာဏ်တွေ သူငယ်ချင်းတွေကို ပြောပြခဲ့တယ်။
- ဆရာသင်နေတုန်း မှတ်စုသေချာမှတ်ခဲ့တယ်။
- စာပိုဒ်ပြန်ရေးရတာ ပျော်စရာကောင်းပါတယ်။

၄။ ဖတ်စာအုပ်တစ်အုပ်လုံးသင်ပြီးချိန်မှာ ဘယ်လို ဗဟုသုတတွေ ရခဲ့သလဲ။

၅။ နောက်တစ်တန်းရောက်ရင် ဘယ်လိုအကြောင်းအရာတွေ တိုးသင်ချင်သေးသလဲ။ မှတ်စုမှာ ရေးကြည့်ကြရအောင်။